# ဟေတီနိုင်ငံမှ အစ္စလာမ် သာသနာ



ဟေတီနိုင်ငံသည် အမေရိကတိုက် အလယ်ပိုင်း၊ ကယ်ရေဘီယန် ပင်လယ်ရပ်ဝန်းဒေမှ ကျွန်းနိုင်ငံ ဖြစ်သည်။ ဟေတီကျွန်းမကြီး ဟစ်ပင်နီအိုလာ ကျွန်းဟု ခေါ်၍ ထိုကျွန်းတွင် ဟေတီနိုင်ငံနှင့် ဒိုမင်နီကန် နှစ်နိုင်ငံ တည်ရှိသည်။



ခန့်မှန်းခြေအားဖြင့် ဟေတီနိုင်ငံတွင် မူဆလင် လူဦးရေ ၃၂၅၀ ခန့်ရှိသည်ဟု ဆို၍ တစ်နိုင်ငံလုံး လူဦး ရေ၏ ၀.၀၄ ရာနှုန်းဖြစ်သည်။ သို့သော် ဒေသခံ မူဆလင်များက ထိုထက်ပို၍ များပြားသည်ဟု ဆို၍ အတိအကျ စာရင်းကောက်ယူနိုင်ခြင်း မရှိချေ။ နိုင်ငံ၏ မြောက်ပိုင်း ကမ်းခြေမြို့ ဖြစ်သည့် ကက်ပ်-ဟေတီယင်မြို့မှ ဘီလာဟ် အစ္စလာမ့် ဝတ်ကျောင်းတော်နှင့် အစ္စလာမ်မစ် စင်တာ (ဗဟိုဌာန) အပါအဝင် အစ္စလာမ် သာသနာ ဆိုင်ရာ အဖွဲ့အစည်းများ ရှိနေပေသည်။ ၎င်းတို့မှာ အစ္စလာမ့်ဆိုင်ရာ လေ့လာရေး များနှင့် နေ့စဉ် ဝတ်ပြုရေးတို့ကို ဆောင်ရွက်လျက် ရှိနေသည်။ ထို့ပြင် မြို့တော် ပို့တ်တူ ပရင့်စ် မြို့တွင် အလ္လာဟ်အရှင်သည် အကြီးမြတ်ဆုံးဖြစ်သည်ဟု အနက်ကို ပေးသည့် **အလ္လာဟ်ဟု အက္ကဘာရ်** ဝိဉာဏဆိုင်ရာ စင်တာကြီးလည်း ရှိနေပေသည်။

ဟေတီနိုင်ငံ၏ အစ္စလာမ်သမိုင်းသည် ဟစ်ပင်နီအိုလာ ဟုခေါ်သော ဟေတီနှင့် ဒိုမင်နီကင် နိုင်ငံနှစ်ခု တည်သည့် ကျွန်းကြီးပေါ်သို့ ဟေတီသို့ ကျေးကျွန်များ စတင်ဖမ်းယူလာချိန်မှ စတင်ခဲ့သည်။ မူဆလင်ပေါင်းများစွာကို ဟေတီသို့ ကျေးကျွန်အဖြစ် ဖမ်းယူလာခြင်း ခံရသူများ ဖြစ်သည်။ ၎င်းတို့အား အစ္စလာမ်သာသနာကို စွန့်လွှတ်ရန် နှစ်ပေါင်းများစွာ အတင်း အဓမ္မပြုခြင်းခံရသော်လည်း ဟေတီ ဒေသခံများ၏ ရိုးရာယဉ်ကျေးမှုတွင် အစ္စလာမ်အမွေအနှစ်များ စွဲနစ်လျှက်သာ ရှိခဲ့သည်။

ဟေတီတော်လှန်ရေး စတင်ချိန်တွင် ကျဆုံးခဲ့သော သမိုင်းဝင် တော်လှန်ရေး သမား တစ်ဦးဖြစ်သည့် **ဒူတီ ဘောက်မန်** သည် မူဆင်တစ်ဦး ဖြစ်သည်ဟု အများစုက လက်ခံထားပေသည်။ ၂၀ ရာစု အစပိုင်း တွင်လည်း

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

အာရပ်များသည် အမေရိကန်တိုက်သို့ ပြောင်းရွှေ့လာခဲ့ရာ ထိုလူဦးရေမှ အံ့အားသင့် လောက်သော ပမာဏသည် အခြားနိုင်ငံများကဲ့သို့ ဟေတီတွင် အခြေချခဲ့ကြသည်။

၁၉၂၀ ပတ်ဝန်းကျင်ခန့်က ပါလက်စတိုင်း ဂျေရုဆလင်မြို့အနီးရှိ အီဇာရီယာရွာမှ ပါလက်စတိုင်း တစ်ဦးသည် မိသားစု ၁၉ စုနှင့်အတူ ဟေတီသို့ ရောက်ရှိခဲ့သည်ဟု ဆိုသည်။ ယနေ့ ဟေတီမှာ မူဆလင်များမှာ ဟေတီ ဒေသခံတိုင်းရင်းသားများ ဖြစ်၍ အရှေ့အလယ်ပိုင်း လူမျိုးစု၏ နောက်လိုက်များ ဖြစ်ကြပေသည်။ သူတို့၏ စီးပွားရေး ကြပ်တည်းမှုများကြောင့် ဝတ်ကျောင်းဆောင် သော်လည်းကောင်း ဘာသာရေး စာသင်ကျောင်းများ သော်လည်းကောင်း ၁၉၈၅ ခုနှစ်အထိ တည်ဆောက်နိုင် ခြင်း မရှိခဲ့ချေ။ ၂၀၀၀ ခုနှစ်တွင် **ဆန်ရာ့ပ်ဟီးလ်မှ ဖန်မီ လာ့ဗ်ဖာလာ့စ်** အဖွဲ့ဝင် **နော်ဝန် မာစဲလ်လာ့စ်** သည် ဟေတီ၏ ဟေတီ ဥပဒေပြုရေး အဖွဲ့တွင် ပထမဦးဆုံး ရွေးချယ်ခံရသော မူဆလင် တစ်ဦး ဖြစ်သည်။

Wiki အား မိုးပြမ်း၍ ဘာသာပြန်ဆိုသည်။ (ဦးငွေးလွင်ဦး)

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com